## ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော တတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

တီအမ်အိတ်ချ်တယ်လီကွန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (TMH) ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ (၂၇) ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသော တတိယအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ ဆွေးနွေးအတည်ပြုဆောင်ရွက်ရမည့်ကိစ္စများ အသိပေးကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည့် အောက်ဖော်ပြပါဆုံးဖြတ်ချက်များအား ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် ပြုလုပ်ခဲ့သောကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များမှ သဘောတူဆုံးဖြတ်ခဲ့ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| စဉ် | ဆုံးဖြတ်ချက်များ | ရလဒ် |
|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို အတည်ပြုရန် | အတည်ပြုသည် |
| ၂ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ဒါရိုက်တာအဖွဲ့အစီအရင်ခံစာ ကိုအတည်ပြုရန် | အတည်ပြုသည် |
| ၃ | ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်ခြင်းနှင့် ပြန်လည်ရွေးချယ် ခန့်အပ်မှုကို အတည်ပြုရန်<br>ပြန်လည်ရွေးချယ်ထားသော ဒါရိုက်တာများ- ဦးသီဟလွင်၊ ဒေါက်တာနန်းလဲ့ရည်စိုး၊ ဒေါ်သူဇာ | အတည်ပြုသည် |
| ၄ | U Tin Latt & Associates အား ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် အဖြစ်ခန့်အပ်မှုကို အတည်ပြုရန် | အတည်ပြုသည် |

တီအမ်အိတ်ချ်တယ်လီကွန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီ (TMH) သည် (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုပေးဝေရာတွင် အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစုကျပ်ငွေ ၅၀ကျပ် နှင့် အစုရှယ်ယာ (၂၀)စု ပိုင်ဆိုင်မှုရှိလျှင် အပိုဆုအစုရှယ်ယာ (၁) စု ထုတ်ဝေပေးခဲ့ပါသည်။

အပိုဆုအစုရှယ်ယာထုတ်ဝေမှုကို (၃၁-၇-၂၀၁၉) ရက်နေ့တွင် ထုတ်ဝေပြီးစီးပြီဖြစ်ပြီး အဆိုပါထုတ်ဝေပြီးစီးမှုကို ရန်ကုန်စတော့အိတ်ချိန်းမှတဆင့် အစုရှယ်ယာရှင်များသို့လည်း ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

ငွေသားအမြတ်ဝေစုများကို စက်တင်ဘာလ (၂၇)ရက်နေ့မှ စတင်၍ ပေးအပ်သွားမည်ဖြစ်ပါသည်။

လိုင်စင်ရငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများတွင် စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များ အနေဖြင့် အဆိုပါငွေသားအမြတ်ဝေစုကို မိမိတို့ စာရင်းဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံကုမ္ပဏီများထံမှတဆင့် လက်ခံရရှိမည်ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသေးသည့် အစုရှယ်ယာရှင်များကို မိမိတို့ အမြတ်ဝေစုများအား ကုမ္ပဏီနှင့်တိုက်ရိုက်ဆက်သွယ်၍ ထုတ်ယူနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ ( ၂၂ )ရက်။